British Embassy
Yangon

UK Trade
& Investment

# သတင်းထုတ်ပြန်ချက်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်

---

**၂၀၁၃ ခုနှစ် ဂရိတ် ဗြိတိန် ရက်သတ္တပတ်အတွက် ရှိတ်(ခ်)စပီးယား ကျောင်းများ အစီအစဉ်တွင် ရန်ကုန်မြို့မှ ကျောင်းသူ ကျောင်းသားပေါင်း သုံးရာကျော်က အမျိုးသားကဇာတ်ရုံတွင် မက္ကဘက်(သ်) ပြဇာတ်ကို တင်ဆက်ကပြမည်**

ဒီဇင်ဘာလ ၆ ရက် သောကြာနေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသား ကဇာတ်ရုံတွင် အသက် ၆ နှစ်မှ ၂၀ အရွယ်ရှိ ကျောင်းသားကျောင်းသူပေါင်း ၃၀၀ ကျော်က ဂစ်လျံ(မ်) ရှိတ်(ခ်)စပီးယား၏ *မက္ကဘက်(သ်)* ပြဇာတ်ကို တင်ဆက်ကပြကြပါလိမ့်မည်။

အဆိုပါ ကျောင်းသူ ကျောင်းသားများသည် ရန်ကုန်နှင့်အနီးတဝိုက်ရှိ ကျောင်းနှင့် လူငယ်အဖွဲ့ တစ်ဒါဇင်ကျော်မှ ဖြစ်ပါသည်။ ယခင်လက အဆိုပါကျောင်းသူ ကျောင်းသားများသည် ရန်ကုန်မြို့၌ အခြေစိုက်သော အဖွဲ့အစည်းတစ်ခု ဖြစ်သည့် `ရှိတ်(ခ်)စပီးယား ကျောင်းများ´ရှိ အလုပ်ရုံဆွေးနွေးပွဲများကို တက်ရောက်ခဲ့ကြပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်ကျွမ်းကျင်မှု စွမ်းရည်များကို သင်ယူခဲ့ကြပြီး ရှိတ်(ခ်)စပီးယား၏ အကျော်ကြားဆုံး ပြဇာတ်များအနက်မှ တစ်ပုဒ်ကို သိရှိလာခဲ့ကြပါသည်။ ဤအတွေ့အကြုံက သူတို့၏ ကျောင်းစာသင်ယူမှု တိုးတက်ရေး ကိုလည်းကောင်း၊ အလုပ်အကိုင်ရှာဖွေရန် ဖြစ်စေ၊ အဆင့်မြင့်ပညာ သင်ယူရန်ဖြစ်စေ အားထုတ်သည့် သူတို့၏ ဘဝလမ်းကြောင်းအတွက် ပံ့ပိုးပေးပါလိမ့်မည်။

ဤအစီအစဉ်၏ ရည်ရွယ်ချက်မှာ ရှိတ်(ခ်)စပီးယား၏ ဇာတ်လမ်းများကို အားလုံး လက်လှမ်းမီလာအောင် ဆောင်ရွက်ရန်၊ `တက်ကြွသော အပြန်အလှန် သင်ယူမှု´ကို တိုးမြှင့်ဖော်ဆောင်ရန်၊ စိန်ကူးစိတ်သန်းနှင့် ပြဇာတ်ကို အားပေးရန် ဖြစ်ပါသည်။ အမျိုးသားကဇာတ်ရုံ ဇာတ်ခုံပေါ်တွင် တင်ဆက်ကပြခြင်းအားဖြင့်လည်း ကျောင်းသားကျောင်းသူများ သည် မိမိကိုယ်မိမိ ယုံကြည်မှု၊ မိမိကိုယ်မိမိ တန်ဖိုးထားမှုနှင့်တကွ အပြောနှင့် နားစိုက်ထောင်မှု စွမ်းရည်များ တိုးပွား လာလျက်ရှိနေပါသည်။

ဖျော်ဖြေတင်ဆက်မှုများမှာ ဒီဇင်ဘာ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပလျက်ရှိသော ဂရိတ် ဗြိတန် ရက်သတ္တပတ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ ဂရိတ် ဗြိတိန် ရက်သတ္တပတ်သည် မြန်မာနိုင်ငံမှ ဗြိတိသျှ စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်သွားရန်၊ နှစ်နိုင်ငံကြားမှ ယဉ်ကျေးမှုအစဉ်အလာ ဆက်စပ်မှုများကို တိုးမြှင့်ဖော်ဆောင်သွားရန် ဖြစ်ပါသည်။ ဗြိတိသျှ သံအမတ်ကြီး အယ်(န်)ဒြူး ပက်ထရစ်(ခ်)က အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်။

*`ရှိတ်(ခ်)စပီးယားရဲ့ လက်ရာတွေဟာ အင်္ဂလိပ်ဘာသာစကားရဲ့ အခြေခံအုတ်မြစ်ပါပဲ။ အခုလို ရှိတ်(ခ်)စပီးယား ပြဇာတ်မှာ အထူးကျွမ်းကျင်တဲ့ အတတ်ပညာရှင်တွေနဲ့အတူ အခုလို ကလေးသူငယ်ပေါင်းစုံဟာ သည်းစိတ် လှုပ်ရှား စရာ ကောင်းလှတဲ့ စီမံကိန်းမှာ ပါဝင်ဆောင်ရွက်နေကြတာကို မြင်ရတဲ့အတွက် ကျွန်တော် ကြည်နူးမိပါတယ်။ သည်နိုင်ငံက ကလေးသူငယ်များအနေနဲ့ ဗြိတိန်နိုင်ငံက ထူးခြားပြောင်မြောက်တဲ့ စာပေနဲ့ ဇာတ်သဘင်လက်ရာတွေကို ခံစားနိုင်၊ ပါဝင်ဆင်နွှဲနိုင်မယ့် အခွင့်အလမ်းတွေ နောက်ထပ် အများကြီး ရှိလာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်´*

အဆိုပါ အစီအစဉ်ကို ဗြိတိန်နိုင်ငံမှ ဦးဆောင် ကုမ္ပဏီကြီးနှစ်ခုဖြစ်သော စထဲ(န်)ဒယ့်(ဒ်) ချားထား(ဒ်)နှင့် ပရူဒင် ရှယ်(လ်) တို့က ပံ့ပိုးပေးထားပါသည်။ ပရူဒင်ရှယ်(လ်)၏ ကိုယ်စားလှယ်အကြီးအကဲဖြစ်သူ အယ်လင်(န်) ထိုင်းက အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်။

*`၂၀၁၃ ခုနှစ် ဂရိတ် ဗြိတိန် ရက်သတ္တပတ်ရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ရှိတ်(ခ်)စပီးယားကျောင်းများ အစီအစဉ်ကို ပံ့ပိုးရတဲ့အတွက် ကြည်နူးမိပါတယ်။ အာရှတစ်လွှားမှာ ရှိနေတဲ့ ဗြိတိသျှကုမ္ပဏီတစ်ခုအနေနဲ့ ပရူဒင်ရှယ်(လ်)ဟာ မိမိတို့ လုပ်ငန်းဆောင်ရွက်နေရာ အသိုင်းအဝိုင်းများဆီက ပညာရေးအစီအစဉ်တွေကို အခိုင်အမာ ထောက်ခံပံ့ပိုးနေတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ရန်ကုန်က ကလေးတွေဟာ သည်အစီအစဉ်မှာ ပါဝင်ဆောင်ရွက်ရတာကို ကျေနပ်ကြမှာ*

*ဖြစ်သလို အစီအစဉ်ကနေ သင်ယူမှတ်သားစရာတွေ ရသွားကြလိမ့်မယ်၊ ရေရှည်မှာ သူတို့အတွက် အကျိုးများမယ့် ဘာသာစကားနဲ့ ဖျော်ဖြေမှု စွမ်းရည်များလည်း ရရှိ သွားကြလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ် ´*

မြန်မာနိုင်ငံ စထဲ(န်)ဒယ့်(ဒ်) ချားထား(ဒ်)ဘဏ် ကိုယ်စားလှယ်အကြီးအကဲဖြစ်သူ ထီနာ ဆင်း(ဂ်)ဆာချာကလည်း အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်။

`စထဲ(န်)ဒယ့်(ဒ်) ချားထား(ဒ်)ဘဏ်ဟာ ပညာရေးကို ခိုင်ခိုင်မာမာ ပံ့ပိုးနေသူပါ။ ရေရှည်တည်တံ့တဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဟာ အခြေခံ အုတ်မြစ်ဖြစ်တယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ လူငယ်များအတွက် အပြန်အလှန်တုံ့လှယ် ဆက်ဆံမှု၊ ပျော်စရာ ကောင်းတဲ့ နည်းလမ်းများနဲ့ အင်္ဂလိပ်စာကို သင်ကြားခွင့်ကို ပေးအပ်နေတဲ့ သည်ပြဇာတ်အစီအစဉ် ကုန်ကျစရိတ်ကို လှူဒါန်းခွင့်ရတဲ့အတွက် ကျွန်မတို့ ဂုဏ်ယူမိပါတယ်။ အင်္ဂလိပ်ဘာသာစကားကို နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး ဘာသာစကားအဖြစ် ယူဆထားကြတာမို့ လာမယ့်မျိုးဆက်အတွက် ငယ်တဲ့အရွယ်ကတည်းက အင်္ဂလိပ်စာကို လက်ခံသင်ယူသွားကြဖို့ အရေးကြီးလှပါတယ်။ ဒါမှလည်း သူတို့ရဲ့ လုပ်ငန်းဆန္ဒတွေ၊ ရည်မှန်းချက်တွေ အောင်မြင်ပေါက်မြောက်လာနိုင်မှာဖြစ်သလို မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ပံ့ပိုးပေးနိုင်ကြမှာဖြစ်ပါတယ် ´

တင်ဆက်မှုကို ဒီဇင်ဘာလ ၆ ရက် သောကြာနေ့ ညနေ ၆ နာရီတွင် စတင်မည်ဖြစ်ပါသည်။ လက်မှတ်များကို ထိုနေ့ ညနေ ၅ နာရီမှ စတင်ပြီး အမျိုးသား ကဇာတ်ရုံတွင် အခမဲ့ ရယူနိုင်ကြပါသည်။ စာနယ်ဇင်းဆရာများလည်း တက်ရောက်ပြီး ဓာတ်ပုံများရိုက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**စာတည်းများအတွက် မှတ်ချက်**

1. ရှိတ်(ခ်)စပီးယားကျောင်းများသည်  လန်ဒန်မှ ရှိတ်(ခ်)စပီးယား၏ ကမ္ဘာ (ဇာတ်အဖွဲ့)တွင် အလုပ်လုပ်ခဲ့သော ဇာတ်သဘင် ထုတ်လုပ်သူလည်းဖြစ်၊ ပညာရေး ဆရာလည်းဖြစ်သူ တစ်ဦးက ရန်ကုန်တွင် တည်ထောင်လိုက်သည့် စတင်ဆောင်ရွက်ချက်သစ်တစ်ရပ်ဖြစ်ပါသည်။ တင်ဆက်ကပြရာမှတစ်ဆင့် ရှိတ်(ခ်)စပီးယား၏ ဘာသာစကား အသုံးအနှုန်း၊ ဇာတ်လမ်းဇာတ်ကွက်၊ ဇာတ်ကောင်စရိုက်တို့ကို စူးစမ်းခြင်းအားဖြင့် ရှိတ်(ခ်)စပီးယား၏ အရေးအသားကို အသက်ဝင်လာအောင် ဆောင်ရွက်ပေးရန် ရှိတ်(ခ်)စပီးယားကျောင်းများက ရည်ရွယ်ပါသည်။ ရှိတ်(ခ်)စပီးယား ကျောင်းများ၏ အစီအစဉ်များသည် ကျွမ်းကျင်သူ သရုပ်ဆောင်များ၊ စီစဉ်ညွှန်ကြားသူ ဒါရိုက်တာများ အသုံးပြုသည့် နည်းစနစ်များကို အများအပြား အသုံးပြုပါသည်။

2. ၂၀၁၃ ခုနှစ် ဂရိတ် ဗြိတိန် ရက်သတ္တပတ်ကို ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးက စီစဉ်ကျင်းပပါသည်။ ဒီဇင်ဘာလ ၁ ရက်နေ့တွင် စီးပွားရေး လုပ်ငန်း စင်တင်ပွဲဖြင့်လည်းကောင်း၊ ဒီဇင်ဘာ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ရန်ကုန်မြို့မှ လားရှိုးမြို့သို့ သွားရောက်သော ဗြိတိသျှသံအမတ်ကြီး၏ ခရီးစဉ်ဖြင့် လမ်းတစ်လျှောက် လှည့်လည်ပြပွဲဖြင့်လည်းကောင်း အဆိုပါ ရက်သတ္တပတ်ကို စတင်ခဲ့ပါသည်။ အပြီးသတ်ပွဲမှာ ဒီဇင်ဘာ ၇ ရက်နေ့တွင် ပြည်သူ့ဥယျာဉ်၌ ကျင်းပမည့် ဘောလုံးပွဲနှင့် စင်တင်ဂီတဖျော်ဖြေပွဲတို့ ပါဝင်သည့် ဗြိတိသျှ ပွဲတော်ပင် ဖြစ်ပါသည်။

ဂရိတ်ဗြိတိန် ရက်သတ္တပတ်နှင့် စပ်လျဉ်းပြီး အသေးစိတ်သိရှိလိုပါက www.facebook.com/fcoburma တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

UK Trade & Investment,
80 Strand Road, Yangon (Rangoon),
Myanmar (Burma).
T + (951) 370863 to 67 Ext 2227
F + (981) 370866
www.ukti.gov.uk